# အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ပြည်ထောင်စု ဝန်ကြီးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဆာဆာမှ ဂျပန်ပါလီမန်အမတ်များထံသို့ ပန်ကြားလွှာ

## ၆ ရက်နေ့ ဇွန် လ၊ ၂၀၂၁ ခုနှစ်

မင်္ဂလာပါ။

ယခုကဲ့သို့ ကျွန်ုပ်ကို စကားပြောဖို့အလို့ငှာ အခွင့်အရေးပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ပါသည်။ ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူများနှင့် အမျိုးသားညီညွတ်ရေး အစိုးရ အနေဖြင့် ဂျပန်နိုင်ငံရှိ ပြည်သူများ၊ ပါလီမန်အမတ်များနှင့် ဂျပန်အစိုးရအား မြန်မာ့ သမိုင်းတစ်လျှောက် အရေးပါဆုံးသောအခိုက်အတန့်တွင် ကျွန်ုပ်တို့နှင့်အတူရပ်တည်ပေး သောကြောင့် လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ယခုအချိန်ကာလ သည် မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် အမှောင်မိုက်ဆုံးအချိန်နှင့် အရေးပါဆုံးသော ကာလဖြစ်ပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ ကံကြမ္မာနှင့် အနာဂတ်သည် ဟန်ချက်ညီအောင် ထိန်းသိမ်းနေစဉ် ဂျပန်နိုင်ငံရှိ ပြည်သူများ၊ ပါလီမန်အမတ်များနှင့် ဂျပန်အစိုးရနှင့် ၎င်း၏အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့အစည်းများ၏ ခိုင်မာသော စဉ်ဆက်မပျက် ထောက်ခံအားပေးမှုသည် မြန်မာနိုင်ငံ၏ ကြီးမားသောကံဆိုးမိုးမှောင်ကျမှုနှင့် အကြမ်းဖက် အုပ်ချုပ်ခြင်းများမှ လွတ်မြောက်နိုင်ရန် မရှိမဖြစ် အလွန်အရေးကြီးပါသည်။ ရဲစွမ်းသတ္တိရှိ သော မြန်မာပြည်သူ ၅၄ သန်းသည် ရက်စက်ကြမ်းကြုတ်သော စစ်ဗိုလ်ချုပ်များနှင့် သူ တို့၏အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်းများစွာကတည်းက ယခုအချိန်အထိ ညှင်းပန်းနှိပ်စက် မှုအမျိုးမျိုးကို ခါးစီးခံစားခဲ့ကြရပြီး သူတို့၏ မျှော်လင့်ချက်များ၊ မျှော်မှန်းချက်များနှင့်

အိပ်မက်များကိုအကောင်အထည်ဖော်ဆောင်ရာတွင် ဂျပန်နိုင်ငံရှိ ပြည်သူများ၊ ပါလီမန် အမတ်များနှင့် ဂျပန်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ ခင်မင်ရင်းနှီးမှုနှင့် ထောက်ခံ အားပေးမှုများကို ယခင်အချိန်များထက် ပိုမိုလိုအပ်နေပါသည်။

ကျွန်ုပ်အနေဖြင့် ယခုအခွင့်အရေးကို အမိအရအသုံးချပြီး ဂျပန်နိုင်ငံရှိ ပြည်သူများ၊ ပါလီမန် အမတ်များနှင့် ဂျပန်အစိုးရအား မြန်မာနိုင်ငံသမိုင်းတလျှောက် အခက်ခဲဆုံးသောအချိန်တွင် မြန်မာပြည်သူ ၅၄ သန်းနှင့် အတူတကွရပ်တည်ပေးသည့်အတွက် စိတ်ရင်းအမှန်ဖြင့် လှိုက် လှဲစွာ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ မြန်မာပြည်သူများအတွက် ပြင်းထန်သော အသံအဖြစ်ရှိနေပေးပြီး ဂျပန်နိုင်ငံတွင်နေထိုင်ကြသော ကျေးဇူးသိတတ်သောမြန်မာပြည် သူများအား နေထိုင်ခွင့်ဗီဇာ သက်တမ်းတိုးပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ထပ်မံ ပြောကြားလိုပါသည်။ ဂျပန်အစိုးရအနေဖြင့် G7 တွင် မြန်မာပြည်သူလူထုကိုယ်စား ခေါင်းဆောင်မှုကဏ္ဍများတွင် တာဝန်ယူခြင်းအပြင် အမျိုးသားလွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)တို့အား မြန်မာပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော အရေးကြီးသည့် အသံများအဖြစ် အသိအမှတ်ပြုပေးသည့် အတွက် ကျေးဇူးတင်ပါသည်။ မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီထံသို့ စစ်လက်နက်များရောင်းချမှု ပိတ်ဆို့ထားသည့် နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ပေး သည့်အတွက်လည်း ကျေးဇူးတင်ပါသည်။

နိုင်ငံတစ်နိုင်ငံရှိ တပ်မတော်၏တာဝန်မှာ ၎င်းတို့၏ပြည်သူလူထုကို ကာကွယ်ပေးရန်နှင့် ခုခံ ပေးရန် ဖြစ်သည်။ သို့သော်လည်း မင်းအောင်လှိုင်၏ အုပ်ချုပ်မှုအောက်တွင်ရှိကြသော စစ်သားများသည် မင်းအောင်လှိုင်၏အမိန့်ပေးမှုကြောင့် ၎င်းတို့၏တာဝန်နှင့် ဆန့်ကျင်စွာ လုပ်ဆောင်နေကြပြီး အပြစ်မဲ့ပြည်သူများအား နေ့တိုင်းနာရီတိုင်း အကြောင်းအရင်းမရှိ ထင် တိုင်းကြဲကာ သတ်ဖြတ်မှုများ၊ ဖမ်းဆီးချုပ်နှောင်မှုများ ဆက်လက်ပြုလုပ်နေကြသည်။ မြန်မာပြည်သူလူထုသည် မင်းအောင်လှိုင်နှင့် သူ့အားထောက်ခံသတင်းပေးသူများကို အကြမ်းဖက်စစ်အုပ်စုများအဖြစ် တညီတညွတ်တည်း သတ်မှတ်ထားကြသည်။ အကြမ်းဖက်မှုများကိုဦးဆောင်သော လူသတ်ခေါင်းဆောင် မင်းအောင်လှိုင် နှင့် သူ၏အပေါင်းအပါများက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်ကိုခိုးယူပြီး မြန်မာ

ပြည်သူလူထု၏ ရွေးကောက်ခံတရားဝင်အစိုးရထံမှ မတရားအာဏာသိမ်းပိုက်ခဲ့သည့်နေ့မှစ၍ ၄ လ ကြာမြင့်ခဲ့ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အနည်းဆုံး ကလေး ၇၂ ဦးအပါအဝင် အပြစ်မဲ့ပြည်သူများ ၉၀၀ နီးပါးကို စစ်ကောင်စီမှသတ်ဖြတ်ခဲ့သည်။အရပ်သားပြည်သူ ၆၀၀၀ ကျော်အားဖမ်းဆီးထားပြီး ၁၉၀၀ ကျော်အား အကြမ်းဖက်စစ်ကောင်စီမှ ဖမ်းဝရမ်းထုတ်ထားလျက်ရှိသည်။ မြန်မာပြည်သူလူထုအပေါ် နေ့စဉ်နှင့်အမျှ ပြစ်မှုကျူးလွန်နေကြသော နိုင်ငံတော်သစ္စာဖောက် စစ်ဗိုလ်ချုပ်များကိုယ်တိုင်မှ ကျွန်ုပ်အား နိုင်ငံတော်သစ္စာဖောက်တစ်ဦးအဖြစ် တရားစွဲခဲ့ကြသည်။ စစ်ကောင်စီသည် အာဆီယံထိပ်သီးအစည်းအဝေးကို ဝါဒဖြန့်ချီရေး ကိရိယာတစ်ခုအဖြစ် အသုံးပြုနေကြပြီး တိုင်းပြည်အနှံ့ မြို့ကြီးများ၊ နယ်မြို့များနှင့်ရွာများတွင် လူနေအိမ်များအား နေ့စဉ်ဝင်ရောက်စီးနင်းမှုများ ပြုလုပ်လျက်ရှိသည်။ စစ်ကောင်စီတပ်ဖွဲ့များသည် အပြစ်မဲ့ပြည်သူများအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သွေးအေးစွာသတ်ဖြတ်ခြင်းများ ဆက်လက်ကျူးလွန်လျက်ရှိသည်။ သူတို့သည် အမှန်တရားများမပေါက်ကြားစေရန်အတွက် လွတ်လပ်သော အတင်းမီဒီယာများကို ပိတ်ပင်တားမြစ်ကြသည်။ စစ်ကောင်စီလက်အောက်တွင် သတင်းသမားများအား အနှောက်အယှက်ပေးခြင်းနှင့် ထောင်ချခြင်းများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ရဲရင့်သော ဂျပန်သတင်းထောက် Mr. Yuki Kitazumi မှ သူ့အားမတရားဖမ်းဆီးခဲ့စဉ်တွင် အကျဉ်းထောင်ထဲ၌ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အခြေအနေအမှန်ကို ရဲရဲဝံ့ဝံ့ ထုတ်ပြန်ခြင်းအပေါ် အလွန်ကျေးဇူးတင်ပါသည်။ သူ၏လွတ်မြောက်ခြင်းအတွက် ကျွန်ုပ်တို့ အလွန်စိတ်သက်သာရာရပါသည်။ သို့သော် ရက်စက်ကြမ်းကြုတ်သော စစ်ကောင်စီ၏ထောင်ထဲတွင် သတင်းသမားအယောက် ၄၀ ကျော်ကို ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သည်။

ကျွန်ုပ်တို့မြင်တွေ့ရသည့် စစ်ကောင်စီ၏ အကြမ်းဖက်မှုသည် စနစ်တကျနဲ့ ကျယ်ပြန့်လျက်ရှိပါသည်။ သူတို့သည် လက်နက်မဲ့မြန်မာပြည်သူလူထုအပေါ်တွင် ကြီးမားသော စစ်မြေပြင်သုံးစစ်လက်နက်များအသုံးပြုခြင်းဖြင့် လူသားမျိုးနွယ်ကိုဆန့်ကျင်သော ရာဇဝတ်မှုကိုကျူးလွန်ကြောင်းထင်ရှားလှသည်။ သူတို့သည်မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ချမ်းသာကြွယ်ဝမှုများကို ခိုးယူကာ တရုတ်၊ ရုရှားနှင့် အခြားနိုင်ငံများထံမှ စစ်လက်နက်များ

ဝယ်ယူလျက်ရှိသည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် ကျဆုံးသောနိုင်ငံအဖြစ်သို့ လျှင်မြန်စွာရောက်ရှိလာပြီဖြစ်သည်။ လက်ရှိတွင် ပြည်သူတစ်သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်သွားခြင်း၊ စားနပ်ရိက္ခာမလုံခြုံမှု မြင့်တက်လာခြင်းနှင့် UNDP ၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံလူဦးရေ၏တစ်ဝက် (ခန့်မှန်းခြေ ၂၇ သန်း) ခန့်မှာ တစ်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း ထောက်ပြခဲ့သည်။ WFP ၏သုံးသပ်ချက်အရ မြန်မာနိုင်ငံလူဦးရေ ၃ သန်းကျော်သည် လာမည့်လများအတွင်း ဆာလောင်မွတ်သိပ်မှု ကြုံတွေ့နိုင်ကြောင်းနှင့် များစွာသောပြည်သူများသည် မိမိတို့အိုးအိမ်များကိုစွန့်ခွာလျက် တောနက်များထံသို့ပုန်းရှောင်ရင်း ငတ်မွတ်ခြင်းဒဏ်ကို ခံစားလျက်ရှိကြသည်။ ပိုမိုနက်ရှိုင်းလာသည့် စစ်အကြမ်းဖက်မှုများသာမက စတင်ပေါ်ပေါက်လာသော ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် သေဆုံးမှုအရေအတွက်ကို ရေတွက်ရန် အလွန်ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံသားများသည် ကျွန်ုပ်တို့အား အကြီးအကျယ် ထိခိုက်နစ်နာစေမည့် အကြမ်းဖက်စစ်ကောင်စီ၏ကြိုးစားအားထုတ်မှုများဖြစ်သည့် ဆိုးရွားသောနာကျင်မှုများ၊ ဆင်းရဲဒုက္ခဝေဒနာခံစားမှုများ၊ သေဆုံးခြင်းများနှင့် ပျက်စီးခြင်းတို့ကို ရဲစွမ်းသတ္တိရှိရှိ ငြိမ်းချမ်းစွာ ခုခံတွန်းလှန်ခြင်းအားဖြင့် အကြမ်းဖက်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ ရာဇဝတ်မှုကျူးလွန်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို ကာကွယ်နိုင်ရန် အတတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်နေကြသည်။ သူတို့သည် သွေးစွန်းနေသော စစ်မြေပြင်လက်နက်များဖြင့် ကျွန်ုပ်တို့ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီကို လုယူရန် ဆက်လက်ကြိုးစားနေကြသည်။ အကြောက်အရွံ့မရှိသော ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သက်ဆိုင်ရာနိုင်ငံသားများမှ စတင်ဦးဆောင်သော အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် ထောင်ပေါင်းများစွာသော ပြည်သူ့ဝန်ထမ်းများနှင့် ပုဂ္ဂလိကအလုပ်သမားများ အပေါ်လွှမ်းမိုးထားသည်။ မမှားပါနဲ့၊ ဤသည် စစ်ကောင်စီ၏ အကြမ်းဖက်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် သြဇာအာဏာအရှိဆုံးသော ငြိမ်းချမ်းရေးလှုပ်ရှားမှုဖြစ်တရပ် ဖြစ်သည်။ အကာအကွယ်မဲ့သော မြန်မာပြည်သူလူထုများသည် တစ်နိုင်ငံလုံးအနှံ့ ချီတက်ကာ

သတ်ဖြတ်မှုများနှင့် ဖိနှိပ်မှုများကျူးလွန်လျက်ရှိသော အာဏာသိမ်းစစ်ကောင်စီများ၏ မျက်မှောက်တွင် ၎င်းတို့၏သတ္တိနှင့်ရဲရင့်မှုများကို အရှုံးမပေးပဲ နေ့စဥ်ပြသလျက်ရှိကြသည်။ အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု အတွက် စကာတင်အမည် စာရင်း တင်သွင်းခြင်းခံခဲ့ရပြီး၊ ဤအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) သည် ငြိမ်းချမ်းရေးနို ဘယ်လ်ဆုသာမက ဂျပန်နိုင်ငံရှိပြည်သူများ၊ ပါလီမန်အမတ်များ၊ ဂျပန်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများ၏ ထောက်ခံမှုကို အပြည့်အဝ ခံယူထိုက်သော လှုပ်ရှားမှုဖြစ်ပါသည်။

မြန်မာပြည်သူလူထုများသည် အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်လျက် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများ(CDM)၊ သပိတ်မှောက်ခြင်းများနှင့် အခြားလူထုအခြေပြု အာဏာဖီဆန်ရေးလှုပ်ရပ်များတွင် ပါဝင်ခြင်းအားဖြင့် စစ်ကောင်စီအပေါ် ပြင်းထန်သော ပြည်တွင်းအရေးယူပိတ်ဆို့မှုများကို စတင်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် စစ်ကောင်စီ၏ ထုတ်ကုန်များကို မဝယ်ယူမသုံးစွဲခြင်း၊ ပြည်သူ့ဝန်ထမ်း အများစုမှလည်း စစ်ကောင်စီ၏ လက်အောက်တွင် ရုံးမတက်ခြင်းအားဖြင့် သပိတ်မှောက်ကြသည်။ ဂျပန်နှင့် အပြည်ပြည် ဆိုင်ရာအသိုင်းအဝိုင်းများမှ ယခုချိန်ထိ လုပ်ဆောင်နေသော အရေးယူပိတ်ဆို့မှုများသည် ကျွန်ုပ်တို့၏ ပြည်တွင်းအားထုတ်မှုများအပေါ် အထောက်အကူပြုပါသည်။ စစ်ကောင်စီနှင့် သူတို့၏ တပ်ဖွဲ့များသည် ရက်စက်ကြမ်းကြုတ်သော နှိမ်နင်းမှုများဆက်လက်ပြုလုပ်လျက်ရှိသော်လည်း စစ်ကောင်စီအပေါ်ဆန့်ကျင်မှုများသည် မြန်မာပြည်သူလူထုများအကြားတွင် ညီညီညွတ်ညွတ် ဆက်လက်ပြင်းထန်နေဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဂျပန်နိုင်ငံရှိပြည်သူများ၊ ပါလီမန်အမတ်များ၊ ဂျပန်အစိုးရများနှင့် ၎င်း၏ နိုင်ငံတကာမှမဟာမိတ်များ၏ အကူအညီများသည် မရှိမဖြစ်အရေးကြီးလှပါသည်။

ကျွန်ုပ်အနေဖြင့် ဂျပန်နိုင်ငံရှိပြည်သူများ၊ ပါလီမန်အမတ်များ၊ ဂျပန်အစိုးရနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ၎င်း၏မဟာမိတ်များအား အဓိကကျအရေးကြီးသော အချက် သုံးချက်ကို တောင်းခံလိုပါသည်။

(၁) အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာပြည်သူလူထုကို ကိုယ်စားပြုသည့် တစ်ခုတည်းသော တရားဝင်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးပါ။ အမျိုးသားညီညွတ်ရေးအစိုးရသည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ဒီမိုကရေစီရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထုမှ ရွေးကောက် တင်မြှောက်ထားသည့် အရပ်သားခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့အား မြန်မာပြည်သူလူထုမှ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုသကဲ့သို့ ဂျပန်အစိုးရအနေဖြင့်လည်း ကျွန်ုပ်တို့အား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုပြီး အတူတကွလက်တွဲလုပ်ဆောင်ရန် မျှော်လင့်ပါသည်။

(၂) ကြီးထွားလာသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ကူညီဖြေရှင်းပေးပါ။ ကျွန်ုပ်တို့သည် ကူညီထောက်ပံ့မှု လိုအပ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကူအညီများမည်သို့ရယူရန်နှင့် မည်သည့်နေရာအခန်းကဏ္ဍများတွင် အသုံးပြုသင့်ကြောင်း နည်းလမ်းများနှင့် အသွားအလာကိုသိရှိထားပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ကြီးထွားလာခြင်းသည် COVID-19 ရောဂါပျံ့နှံ့မှုနှင့် စစ်ရေးပဋိပက္ခများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကျရှုံးနေပြီဖြစ်ပြီး ပြည်သူသန်းပေါင်းများစွာသည် သောက်သုံးရေ၊ အစားအစာ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ခိုလှုံရန်နေရာများနှင့် ဆေးဝါးများ ပျက်လပ်လျက်ရှိသည်။ (UNWFP ၏ခန့်မှန်းချက်အရ လာမည့်အောက်တိုဘာလတွင် မြန်မာနိုင်ငံရှိပြည်သူ ၆. ၄ သန်းခန့်သည် အစားအသောက် ပြတ်လတ်နိုင်ကြောင်းထောက်ပြခဲ့သည်။) ကျွန်ုပ်တို့သည် (၁) စားနပ်ရိက္ခာဖူလုံရေး၊ (၂) ကျန်းမာရေး၊ (၃) ခိုလှုံရန်နေရာ နှင့် (၄) ပညာရေး စသည့်ကဏ္ဍများတွင် အကူအညီများ အသည်းအသန်လိုအပ်လျက်ရှိသည်။

(၃) စစ်ကောင်စီ၏ ငွေကြေးစီးဆင်းမှုအား ဖိအားပေးခြင်းဖြင့်ကူညီပါ။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကျွန်ုပ်တို့နှင့်အတူရပ်တည်လျက် အတူတကွအရေးယူဒဏ်ခတ်မှုများပူးပေါင်းပြုလုပ်ပါက လူသတ်စစ်ကောင်စီလက်ထဲသို့ ဝင်ငွေစီးဆင်းမှုများ ဖြတ်တောက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဂျပန်အစိုးရအား ဂျပန်၏ထိန်းချုပ်မှုလက်အောက်တွင်ရှိသော အများပြည်သူပိုင်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်ဖြစ်စေ မည်သည့်အဖွဲ့အစည်းကိုမှ စစ်ကောင်စီ

အဖွဲ့၊ ၎င်း၏စီးပွားရေးမိတ်ဖက်များ၊ စစ်ခေါင်းဆောင်များနှင့် သူတို့၏မိသားစုဝင်များအား ရန်ပုံငွေထောက်ပံ့မှုများမပေးရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေအရင်းအမြစ်ဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိရောက်စွာ ဒဏ်ခတ်အရေးယူမှုမရှိသေးပါ။ ပစ်မှတ်ထား အရေးယူဆောင်ရွက်မှုများသည် ၎င်းတို့နှင့်ဆက်စပ်သော ကုမ္ပဏီများအပေါ် ဝင်ငွေစီးဆင်းမှုတားဆီးရန် အတိုင်းအတာတစ်ခုထိ အာမခံနိုင်လိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာပြည်သူများကိုသတ်ဖြတ်ပြီး ၎င်းတို့၏ ချမ်းသာကြွယ်ဝမှုများကို ဂုတ်သွေးစုပ်သုံးစွဲလျက်ရှိသော အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်လုပ်ရပ်များကို ဆက်လက် ခွင့်မပြုသင့်ပေ။ ထို့ကြောင့် ဂျပန်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာမှ စစ်လက်နက်များရောင်းချခြင်း စသည့်များကို အရေးယူပိတ်ဆို့ခြင်းများ အပါအဝင် နည်းပညာပံ့ပိုးမှုကိုပိတ်ဆို့ခြင်းနှင့် မြန်မာနိုင်ငံအထက်တွင် လေယာဉ်ပျံသန်းခွင့်မရှိသော နေရာများသတ်မှတ်ပေးရန် တောင်းဆိုအပ်ပါသည်။ ဤလုပ်ရပ်များသည် ပြည်တွင်းစစ်နှင့် လူမျိုးတုံးသတ်ဖြတ်မှု ထပ်မံဖြစ်ပွားမှုကို ကာကွယ်ရန် အလွန်အရေးပါသော ခြေလှမ်းများဖြစ်သည်။

ကျွန်ုပ်တို့ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အထက်ဖော်ပြပါ ပူးပေါင်းအားထုတ်မှုများအပေါ် ကူညီပေးရန် ဆန္ဒရှိပါသည်၊ အသင့်ရှိပါသည်၊ လုပ်လည်းလုပ်ဆောင်နိုင်ပါသည်။ ပြည်သူလူထု၏ တခဲနက်ထောက်ခံမှုဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ ပေါ်ပေါက်လာခြင်းသည် မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ဒီမိုကရေစီကို ယုံကြည်လက်ခံသော ဂျပန်နိုင်ငံအစိုးရနှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ အခြားလွတ်လပ်သောနိုင်ငံများနှင့် နိုင်ငံခေါင်းဆောင်များထံမှ ထောက်ခံချက်များ၊ အသိအမှတ်ပြုခြင်းများ၊ တုံ့ပြန်မှုများနှင့် အတူတကွ လက်တွဲပူးပေါင်းလုပ်ဆောင်ခြင်းများကို လိုအပ်ပါသည်။ မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် အောက်ခြေလူထုအခြေပြု လူမှုအဖွဲ့

အစည်းများအားလုံး အတူတကွစည်းလုံးညီညွတ်ကြပြီး ဘုံရန်သူကို ဆန့်ကျင်ရန်အတွက် ပူးပေါင်းပါဝင်ကြခြင်းဖြစ်သည်။ ဤအရာသည် ရာစုနှစ်တစ်ခုလုံးတွင် အကြီးမားဆုံးသော အခွင့်အရေးပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် ဤအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး ဆိုးညစ်၍ တရားမဝင်သော စစ်အုပ်ချုပ်မှုကို အဆုံးသတ်ကာ ပွင့်လင်းမြင်သာမှု ရှိပြီး အားလုံးပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသစ်ကို တည်ထောင်ရမည်ဖြစ်သည်။ အမှန်တကယ် တရားဝင်ပြီး ဒီမိုကရေစီလမ်းအရ ပြည်သူအတွက် ပြည်သူများမှ ရွေးကောက်ထားသော မြန်မာအစိုးရတစ်ရပ်အနေဖြင့်၊ အမျိုးသားညီညွတ်ရေးအစိုးရသည်၊ ရဲရင့်သောမြန်မာပြည်သူများ၏ ဆန္ဒကိုဖော်ထုတ်နိုင် ရန်အတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။ မြန်မာပြည်သူလူထု၏ တူညီသော ဘုံသဘောဆန္ဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ လူမျိုး၊ လိင်(ကျား၊မ)၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ နောက်ခံအကြောင်းအရာနှင့် ကိုးကွယ် ရာဘာသာ ဟူ၍ခွဲခြားမှုမရှိဘဲ လူတိုင်း၏အခွင့်အရေးကို သာတူညီမျှ လေးစား၊ ကာကွယ်၊ မြှင့်တင်သော ပြည်သူမှဖြစ်ပြီး၊ ပြည်သူ့အတွက်ဖြစ်သော ဖက်ဒရယ်ပြည်နယ်များနှင့် ဖက် ဒရယ်ပြည်ထောင်စုအစိုးရနှစ်ရပ်ပါဝင်သည့် ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ တည်ဆောက်ရေး။ ၎င်းသည် တန်းတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မူဝါဒ များကိုအခြေခံပြီး အာဏာနှင့် သယံဇာတ အရင်းအမြစ်ခွဲဝေမှုတို့ တည်ရှိသော နိုင်ငံဖြစ်မည့် အပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်မဏ္ဍိုင်များသည်လည်း သီးခြား လွတ်လပ်စွာ ဆောင်ရွက်လုပ်ဆောင်နိုင်ခွင့် ရှိကြမည် ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံနှင့် ပြည်သူလူထုအတွက် ကင်ဆာရောဂါသဖွယ် ဖြစ်လာသော စစ် အာဏာရှင်စနစ်နှင့် လူမျိုးတုံးသတ်ဖြတ်နေသောစစ်တပ်ကို အပြီးအပြတ် အမြစ်ပြတ် ချေမှုန်းပြီး၊ အရပ်သားအစိုးရမှ ဦးဆောင်မည့်၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့်သက်ဆိုင် သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အားလုံးပါဝင်သော ပြည်သူ့တပ်မတော်ဖြင့် အစားထိုးမည်ဖြစ်သည်။

၃။ စစ်အာဏာရှင်မှ စစ်အာဏာရှင်အတွက်ရေးဆွဲပြဋ္ဌာန်းထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အပြီးဖျက်သိမ်းခြင်း၊ ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေကဲ့သို့ ခွဲခြားဆက်ဆံမှု

များရှိနေသော ဥပဒေများကို ဖျက်သိမ်းပြီး၊ ဥပဒေအသစ်များနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့ကို မြန်မာနိုင်ငံသားများအတွက် အစားထိုးပြဌာန်းပေးမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးနှင့်အတူ၊ အားလုံးပါဝင်သည့်ပုံစံဖြင့် သာ ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာပြည်သူမှအနိုင်ရရှိပြီး၊ မြန်မာပြည်သူတို့ပိုင်ဆိုင်မည့်၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံနှင့် လူထုဆန္ဒခံယူပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံအား စစ်အာဏာရှင်လက်အောက်မှလွတ်မြောက်စေရေး လှုပ်ရှားမှုများတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြသည့် သတ္တိရှိသောမြန်မာလူမျိုးများ၊ ၎င်းတို့၏ရဲရင့်ခြင်း၊ ၎င်းတို့၏လူ့အခွင့်အရေး၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေး နှင့် မြန်မာပြည်သူအားလုံး၏လွတ်လပ်ရေး ကတိကဝတ်များအတွက် ကျွန်ုပ်အနေဖြင့် အင်မတန်ဂုဏ်ယူမိပါသည်။ မြန်မာနိုင်ငံအား စစ်အာဏာရှင်စနစ်ဆိုးမှ လွတ်မြောက်နိုင်ရန် ကြိုးစားနေကြသော ကျွန်ုပ်တို့သည် မုချအောင်မြင်လိမ့်မည်ဟူသော ကျွန်ုပ်၏စကားကို မှတ်ထားပေးကြပါ။ ဤတိုက်ပွဲ၏ အဆုံးတစ်ဖက်တွင်လည်း ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အသိုင်းအဝိုင်းတွင် တာဝန်သိ လက်တွဲဖော်ဖြစ်ရန် ကတိကဝတ်ပြုထားသော မြန်မာနိုင်ငံ ပေါ်ထွက်လာလိမ့်မည်။ ဂျပန်လူမျိုးများ၊ ဂျပန်ပါလီမန်နှင့် အစိုးရတို့၏အကူအညီဖြင့် ကျွန်တော်တို့၏ မျှော်မှန်းချက်နှင့်အိမ်မက်များသည် အမှန်တကယ် အကောင်အထည်ဖော်လာမည်ဖြစ်ပြီး၊ အဆွေတို့၏ကူညီမှုသည် ကျွန်ုပ်တို့နှစ်နိုင်ငံ၏ချစ်ကြည်ရေးအတွက် ခိုင်မြဲသောသက်သေနှင့်၊ တည်မြဲသည့် ဂရုဏာတရားဖြစ်လာမည်ဖြစ်သည်။

ကျေးဇူးအထူးတင်ရှိပါသည်။